**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

**အမိန့်ကြော်ငြာစာအမှတ်   ၈၉ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **ခန္တီးရတနာနယ်မြေနှင့် မော်လူး - မော်ဟန်ရတနာနယ်မြေ(မော်လူးဒေသ)**အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၃-ကနှင့် ပုဒ်မ ၅၄ ၊ ပုဒ်မခွဲ(ခ) တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါ အတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>စိုက်ပျိုးရေး/မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီး<br>စည်ပင်သာယာရေးဝန်ကြီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>သစ်တောဦးစီးဌာန<br>စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |

(စ) ညွန်ကြားရေးမှူး အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဆ) ညွန်ကြားရေးမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဇ) ခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး(၁)
ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈ) ခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး(၂)
ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ည) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး(၁)
ကျောက်စိမ်းတူးဖော်ရေးဌာန(ခန္တီး)

(ဋ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး(၂)
ကျောက်စိမ်းတူးဖော်ရေးဌာန(မိုးညှင်း)

၂။ စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များနှင့်အညီ စနစ်တကျလုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ် ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃။ ခန္တီးရတနာနယ်မြေအတွက် (၁၃.၂.၂၀၁၈)ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၁၀/၂၀၁၈ ဖြင့် ဖွဲ့စည်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားရေးအဖွဲ့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၆ ခွဲ (၂) ၁၈/ သတ္တု( ၁၁၄၃၃ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သတ္တုတွင်းဦးစီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းတိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

၂၀/၇/၁၄

မင်းမင်းဦး
အမြဲတမ်းအတွင်းဝန်